NOVEL AUTHOR TEAM

ဘာသာပြန် စာရေးဆရာ - Shwe Paji

# ပြိုင်ဘက်ကင်းတာအိုသခင်

(လုယွီ)

(Chapter 3906-3925)

စာစဉ် – ၁၉၉

ပြိုင်ဘက်ကင်းတာအိုသခင်

ဘာသာပြန်သူ-ShwePaji

Book 199 Chapter 3906 to 3925

## Chapter 3906

*

"မကောင်းတော့ဘူး...နောက်ဆုတ်ကြတော့"

စုန်ကျန်းရှင်းသည် လီဖူ၏အမိန့်များကို ဂရုမစိုက်တော့ဘဲ ချက်ချင်း အော်ဟစ်လိုက်သည်။

ဤသည်မှာ ရန်သူများထံသို့ တိုးဝင်တိုက်ခိုက်ခြင်းမဟုတ်ဘဲ သူတို့ကိုယ် သူတို့ သေလမ်းအတွင်းသို့ တွန်းပို့နေခြင်းပင်။

သူသည် ရွှယ်အင်မော်ယ်တစ်ယောက်ဖြစ်သော်လည်း အသွေးအသားဖြင့် ဖွဲ့စည်းထားသော လူတစ်ယောက်ဖြစ်နေဆဲပင်။အကယ်၍ သူသည် ဤကဲ့သို့ အလွန်များပြားသောမှော်လက်နက်များဖြင့် တိုက်ခိုက်ခြင်းခံရပါက သူ သေဆုံးသွားနိုင်ချေရှိသည်။

သို့ရာတွင် ရောင်လက်ရွှေးစင်စစ်သားများသည် စုန်ကျန်းရှင်း၏အမိန့် များကို နာခံခြင်းမရှိချေ။

သူတို့သည် လီဖူတစ်ယောက်တည်း၏အမိန့်ကို နာခံပေ၏။

အကယ်၍ လီဖူသည် သူတို့အားဘနောက်ဆုတ်ရန်အမိန့်မပေးပါက သူ တို့ရှေ့၌ အသူရာငရဲရှိနေလျှင်ပင် သူတို့ တိုးဝင်တိုက်ခိုက်ပေမည်။

ထောင်သောင်းချီသောမော်ရတနာများမှ အလင်းတန်းများ ကျရောက်လာသည်နှင့်အတူ ရောင်လက်ရွှေးစင်စစ်သားတစ်သောင်းအကြားမှနေ၍ စူးရှနာကျင်စွာ အော်ဟစ်လိုက်သောအသံများ ထွက်ပေါ်လာသည်။

ဘုန်း....ဘုန်း...ဘုန်း....

ရောင်လက်ရွှေးစင်စစ်သားတစ်သောင်းအနက် ရှေ့ဆုံးမှ တိုးဝင်တိုက်ခိုက်သွားသူတချို့၏ ခန္ဓာကိုယ်များ ပေါက်ကွဲသွားကာ သွေးမြူများအဖြစ် ပြောင်းလဲသွားတော့သည်။

ထိုစစ်သားတစ်သောင်းအနက်မှ ပို၍အစွမ်းထက်သောစစ်သားတချို့သည် မော်ရတနာအလင်းတန်းများမှ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သည်။ သို့ရာတွင် သူတို့အားဆီးကြိုနှုတ်ဆက်နေသည်မှာ ပုန်းကွယ်နဂါးစစ်တပ်မှ ထိပ်သီးအစွမ်းထက်ကျင့်ကြံသူများ၏ တိုက်ခိုက်မှုများပင်။

ရောင်လက်ရွှေးစင်စစ်သားတစ်သောင်းထံတွင် ကောင်းမွန်သောလက်နက်များ ရှိသော်လည်း ပုန်းကွယ်နဂါးစစ်တပ်ထံတွင် ပို၍ကောင်းမွန်သော လက်နက်များရှိနေသည်။

ရောင်လက်ရွှေးစင်စစ်သားတစ်သောင်းသည် တင်းကြပ်သောလေ့ကျင့်မှုများကို ဖြတ်ကျော်ခဲ့ရကာ ပုန်းကွယ်နဂါးစစ်တပ်သည်လည်းထပ်တူထပ်မျှပင်။

"သတ်ကြစမ်း"

သွေးလွှမ်းသောတိုက်ပွဲတစ်ခုက နှစ်ဖက်အကြားတွင် ချက်ချင်းဖြစ်ပေါ်လာခဲ့သည်။

လုယွီသည် ပုန်းကွယ်နဂါးစစ်တပ်ကို တည်ထောင်ပြီးသည့်အချိန်မှစ၍ ဤစစ်တပ်သည် အဆက်မပြတ် လေ့ကျင့်နေခဲ့ရသည်။

သူတို့သည် အချိန်အလွန်ကြာမြင့်စွာ လေ့ကျင့်ခဲ့ပြီးနောက် ယခုအချိန်တွင် သူတို့၏အရည်အချင်းများကို ပြသရန် အချိန်ကျရောက်လာလေပြီ။

မျက်တောင်တစ်ခတ်စာအချိန်အတွင်းမှာပင် နှစ်ဖက်အကြား၌ ပြင်းထန်သောတိုက်ပွဲတစ်ခု စတင်လာပေ၏။ကောင်းကင်မူဝါဒရုံးတော်၏ရှောင်လက်ရွေးစင်စစ်သားတစ်သောင်းသည် လီဖု၏အကြီးမားဆုံးဝှက်ဖဲပင်။ သို့ရာတွင် သူတို့သည် ပုန်းကွယ်နဂါးစစ်တပ်မှ စစ်သားများနှင့်ထိတွေ့မိချိန်တွင် အလျှင်အမြန်ပြန့်ကျဲသွားသည်။

ပုန်းကွယ်နဂါးစစ်တပ်မှစစ်သားများ တတ်မြောက်ထားသော မှော်မန္တန်များသည် ယခင်ထက်ပို၍ ကြောက်မက်ဖွယ်ကောင်းလာပေ၏။သူတို့သည် ရှောင်လက်ရွေးစင်စစ်သားတစ်သောင်းကို ဖိအားပေး၍ တိုက်ခိုက်နိုင်ခဲ့သည်။

"အဲ့ဒီလူတွေက သာမန်တာယွီစစ်သားတွေမဟုတ်ဘူး"

စုန်ကျန်းရှင်းသည် ပုန်းကွယ်နဂါးစစ်တပ်မှ စစ်ဗိုလ်ချုပ်များနှင့် တိုက်ခိုက်မှုခြင်းဖလှယ်ပြီးနောက် သူ့၏မျက်လုံးများအတွင်း၌ ထိတ်လန့်တုန်လှုပ်မှုများဖြင့် ပြည့်နှက်သွားသည်။

သူသည် ထန်အင်ပါယာ၏ မဟာစစ်ဗိုလ်ချုပ်ဆယ့်ခြောက်ယောက်အနက်မှ တစ်ယောက်ဖြစ်သဖြင့် သူ့၏ခွန်အားမှာ အလွန်ကောင်းမွန်သည်။သူသည် ယခင်က တာယွီအင်ပါယာ၏ စစ်ဗိုလ်ချုပ်များနှင့် တိုက်ခိုက်ခဲ့ဖူးသော်လည်း ဖိအားအမြောက်အများကို ခံစားခဲ့ရခြင်းမရှိချေ။

သို့ရာတွင် ပုန်းကွယ်နဂါးစစ်တပ်မှ စစ်ဗိုလ်ချုပ်တစ်ယောက်နှင့် တိုက်ခိုက်စဥ်တွင်မူ စုန်ကျန်းရှင်းသည် အလွန်ကြီးမားသောဖိအားကို ပထမဆုံးအကြိမ်အဖြစ် ခံစားမိလေ၏။

ပုန်းကွယ်နဂါးစစ်တပ်မှ စစ်ဗိုလ်ချုပ် ရွတ်ဆိုနေသော မှော်မန္တန်များသည် အကန့်အသတ်မရှိဘဲ အလွန်အမင်းအစွမ်းထက်သည်။

စုန်ကျန်းရှင်းပင်လျှင် သူ့၏ခွန်အားကုန် ထုတ်ဖော်အသုံးပြု၍ ထိုမှော်မန္တန်များကို ခုခံကာကွယ်နေရသည်။

ဘုန်း…ဘုန်း…ဘုန်း…

နှစ်ဖက်အကြားရှိတိုက်ပွဲ ဆက်လက်၍ ဖြစ်ပွားနေသည်။

စုန်ကျန်းရှင်းသည် သူ့၏ခေါင်းကိုနောက်သို့လှည့်ကာ အော်ဟစ်လိုက်၏။

"အရှင့်သား….ဆုတ်ခွာကြစို့"

လင်းယုန်ပျံဝဲအစောင့်တပ်မှ မဟာစစ်ဗိုလ်ချုပ်များပင်လျှင် ရှုံးသွပ်လုနီးပါးအခြေအနေအတွင်းသို့ ကျရောက်နေသည်။

ပုန်းကွယ်နဂါးစစ်တပ်သည် အရှုံးများဖြင့်ဖွဲ့စည်းထားသော စစ်တပ်တစ်တပ်နှင့် တူညီနေကာ သူတို့၏တိုက်ခိုက်မှုများ အလွန်အမင်းပြင်းထန်သည်။

စုန်ကျန်းရှင်းသည် ပုန်းကွယ်နဂါးစစ်တပ်မှစစ်သားများ၏မျက်လုံးများအတွင်းတွင်ရှိနေသော လောဘအရိပ်အယောင်တချို့ကိုပင်အာရုံခံမိလေ၏။

ဤသည်မှာ ရက်စက်ကြမ်းကြုတ်သော မှော်သားရဲကြီးတစ်ကောင်မှနေ၍ သူ့၏သားကောင်ကို မြင်တွေ့သွားသည်အလားပင်။

သူတို့သည် သားကောင်များ ဖြစ်နေသလော….

ထိုအကြောင်းကို တွေးတောမိချိန်၌ စုန်ကျန်းရှင်းသည် သူ့၏ကျောရိုးတစ်လျှောက် ချမ်းစိမ့်သွားသည်ကို ခံစားမိသည်။

စုန်ကျန်းရှင်း၏အော်သံနှင့် မိုးကောင်းကင်ယံအတွင်းမှထွက်ပေါ်နေသော

စူးရှနာကျင်စွာအော်ဟစ်နေသံများကို ကြားချိန်တွင် လီဖူ၏မျက်နှာအမူအယာ ပြောင်းလဲသွားသည်။

"နောက်ဆုတ်ရမှာလား...ငါက ဘယ်နေရာကို နောက်ဆုတ်ရမှာလဲ"

လီဖူသည် နောက်သို့ချာခနဲလှည့်ကာ ရုတ်တရက် သူ့၏နောက်ရှိ လေဟာနယ်ကို ကြည့်လိုက်သည်။

"မင်းတို့နှစ်ယောက် ငါ့ကို ကူညီပေးနိုင်မလား"

လီဖူ၏နောက်မှာနေ၍ တုရှန်းရှန်းနှင့်ယဲ့ကွမ်ကျီးတို့ ထွက်ပေါ်လာသည်။

ယဲ့ကွမ်ကျီးက အမူအယာကင်းမဲ့စွာဖြင့် ပြောဆိုသည်။

"အရှင့်သား....ငါတို့ရဲ့တာဝန်က မင်းကို ကာကွယ်ပေးဖို့ပဲ...တခြားကိစ္စတွေအတွက်ကတော့ ငါတို့ကို မင်း တောင်းဆိုလို့မရဘူး"

ဤလူများသည် ဧကရာဇ်၏လက်အောက်တွင်ရှိနေသဖြင့် ထန်ဧကရာဇ်မှပေးအပ်သော အမိန့်များကိုသာ လိုက်နာသည်။

စည်းကမ်းထိန်းသိမ်းရေးမှူး ယဲ့ကွမ်ကျီး၏တာဝန်သည် လီဖူကို အနီးကပ်ကာကွယ်စောင့်ရှောက်ပေးရန်သာ ဖြစ်ပေ၏

***

# Chapter 3907

*

လီဖူသည် ယဲ့ကွမ်ကျိုးကိုမြင်တွေ့ချိန်တွင် သူ့၏ပါးစပ်ကို ဖွင့်ဟလိုက်သော်လည်း စုန်ကျန်းရှင်းကိုဆက်ဆံသကဲ့သို့ အော်ငေါက်ဝံ့ခြင်းမရှိချေ။

ဤလူများသည် သူ့၏အမိန့်ကို အနည်းငယ်မျှနားထောင်မည် မဟုတ်ချေ။

လီဖူ၏လက်ရှိအဆင့်အတန်းသည် ကောင်းကင်မူဝါဒရုံးတော်၏သခင်လေးတစ်ယောက်ဖြစ်သည်ကို မဆိုထားနှင့်။အကယ်၍ လီဖူသည်နောင်အနာဂတ်၌ ကောင်းကင်မူဝါဒရုံးတော်၏စစ်ဗိုလ်ချုပ်အဖြစ်သို့ ရာထူးတိုးမြင့်ခံရလျှင်ပင် သူသည် ဤလူများကို ထိန်းချုပ်နိုင်စွမ်းရှိမည် မဟုတ်ချေ။

"တပ်မှူးတု....ငါတို့ရဲ့လက်အောက်မှာရှိတဲ့ ရှောင်လက်ရွေးစင်စစ်သားတစ်သောင်းက အခုလက်ရှိအချိန်မှာ ဒဏ်ရာအပြင်းအထန်ရရှိနေကြတယ်....ဒီသေရေးရှင်ရေးအခြေအနေကနေ မင်း သူတို့ကို ကယ်တင်ပေးနိုင်မလား"

လီဖူက တောင်းဆိုလိုက်၏။

တုရှန်းရှန်း၏မျက်လုံးများအတွင်းတွင် ခံစားချက်ကင်းမဲ့နေဆဲပင်။ သူသည် စူးရှနာကျင်စွာအော်ဟစ်နေသံများ အဆက်မပြတ်ထွက်ပေါ်နေသည့် မိုးကောင်းကင်ယံထံသို့ ကြည့်လိုက်သော်လည်း အနည်းငယ်မျှလှုပ်ရှားခြင်းမပြုချေ။

အချိန်အတော်ကြာ စဉ်းစားတွေးတောပြီးနောက်တုရှန်းရှန်းသည်

နောက်ဆုံး၌ သက်ပြင်းတချက် ရှိုက်လိုက်သည်။

"အစ်ကိုယှဲ…အရှင့်သားကို ကာကွယ်ထားဖို့ ငါ မင်းကို ဒုက္ခပေးရအုံးမယ်…ငါ မကြာခင်ပြန်လာခဲ့မယ်"

ယှဲ့ကွမ်ကျီးသည် သူ့အား ဟန့်တားခြင်းမပြုချေ။

သူနှင့်တုရှန်းရှန်းတို့သည် ကျင့်ကြံဆင့်နယ်ပယ်တူတွင် ရှိနေပေ၏။သူတို့နှစ်ယောက်လုံး ဤနေရာသို့ ရောက်လာသည်မှာ လီဖူကို ကာကွယ်ရန်အတွက်ပင်။ထို့ကြောင့် လူတစ်ယောက်ထွက်ခွာသွားသည်မှာ ပြဿနာတစ်ရပ် မဟုတ်ချေ။

မျက်တောင်တစ်ခတ်စာအချိန်အတွင်းမှာပင် တုရှန်းရန်းသည် စုန်ကျန်းရှင်း၏နံဘေးသို့ ရောက်ရှိသွားကာ သွေးနီရောင်လက်သီးတချက်ကို ထိုးနှက်လိုက်သည်။

သူ့ထံတွင် ကြီးမားသောစွမ်းအားရှိနေသဖြင့် သူ့၏လက်သီးချက်သည် အလွန်အမင်းအစွမ်းထက်ပေ၏။သူ ထိုလက်သီးချက်ကို ထိုးနှက်လိုက်သည်နှင့် ပြင်းထန်သောလက်သီးစွမ်းအားလှိုင်းများ ပွင့်အံ့ထွက်လာကာ စုန်ကျန်းရှင်း၏နံဘေးပတ်လည်တွင်ရှိနေသော ပုန်းကွယ်နဂါးစစ်တပ်မှ စစ်ဗိုလ်ချုပ်များကို နောက်သို့ဆုတ်ခွာသွားစေသည်။

"ဗိုလ်ချုပ်စုန်…ငါ မင်းကို ကူညီပေးမယ်"

တုရှန်းရှန်းက တိုးညင်းသောအသံဖြင့် ပြောဆိုသည်။

စုန်ကျန်းရှင်းထံသို့ကျရောက်နေသော ဖိအားအရှိန်အဝါ အလွန်အမင်းလျော့ကျသွားသည်။ သူသည် ကျေးဇူးတင်ကြောင်း ပြောဆိုတော့မည်အချိန်မှာပင် သူ့၏မျက်လုံးများ ရုတ်တရက်စူးရှသွားကာ သူ့၏ပါးစပ်ကိုပိတ်လိုက်၏။

တုရှန်းရှန်း၏ရှေ့တွင် လူတစ်ယောက်ထွက်ပေါ်လာသည်။

"လုယွီ..."

တုရှန်းရှန်းသည် ထိုလူကိုမြင်တွေ့ချိန်တွင် သူ့၏မျက်လုံးများ ပြူးကျယ်သွားသည်။

ဤသည်မှာ ရက်အနည်းငယ်သာ ကြာမြင့်သေးသော်လည်း ယခုအချိန်၌ သူ လုယွီကို မြင်တွေ့ရချိန်တွင် တခြားလူတစ်ယောက်ကို မြင်နေရသည် အလားပင်။

အတိတ်တွင် ကောင်းကင်ချိုးဖျက်ခံတပ်၌ လုယွီ၏မော်စွမ်းအားများသည် ပြိုင်ဘက်ကင်းဖြစ်ကာ သူ့၏ခန္ဓာကိုယ်တွင် ပြင်းထန်သောအရှိန်အဝါများဖြင့် ပြည့်နှက်နေသော်လည်း တုရှန်းရှန်းသည် ရှုံးနိမ့်မည်မဟုတ်ဟု ခံစားမိသည်။

သို့ရာတွင် ယခုလက်ရှိအချိန်၌ လုယွီကိုကြည့်ရသည်မှာ နက်နဲသိမ်မွေ့နေပြီး ဖော်ပြရန်မစွမ်းသော နက်နဲသိမ်မွေ့သည့်ဥပဒေသတစ်ရပ်က သူ့၏ခန္ဓာကိုယ်နံဘေးပတ်လည်တွင် ရစ်သိုင်းလွှမ်းခြုံနေသည်။ ဤသည်မှာ သေမျိုးတစ်ယောက်မှနေ၍ အင်မော်တယ်တစ်ယောက်ကို မော့ကြည့်နေရသည့်အလားပင်။ ဤအချိန်အခိုက်အတန့်တွင် တုရှန်းရှန်း ထံ၌ အလွန်သိသာရှင်းလင်းသော ခံစားချက်တစ်ခုရှိနေသည်။ ဤသည်မှာ သူသည် သေမျိုးတစ်ယောက်ဖြစ်၍ သူ့ရှေ့ရှိ လုယွီသည် အစစ်အမှန် အင်မော်တယ်တစ်ယောက်အလားပင်။

ဤကဲ့သို့ခံစားချက်မျိုးသည် ယခင်နှင့် မိုးနှင့်မြေတမျှ ကွဲပြားခြားနားနေသည်။

လုယွီ၏ဝတ်ရုံရှည်သည် လေပြေလေညင်းတိုက်ခတ်လာသည်နှင့်အတူ

လူးလွန့်နေသည်။ သူ့ထံတွင် မည်သည့်သတ်ဖြတ်လိုခြင်းစိတ်ဆန္ဒမျှ ရှိနေပုံ မရသော်လည်း တုရှန်းရှန်းကို ကြီးမားသော ရန်သူကြီးတစ်ယောက်ဖြင့် ရင်ဆိုင်နေရသည့်အလား ခံစားမိစေသည်။ သူ့၏ခန္ဓာကိုယ်အတွင်းရှိ အရိုးနှင့်ကြွက်သားများပင်လျှင် တုန်ရီနေပေ၏။

"မင်းက ကောင်းကင်မူဝါဒရုံးတော်ရဲ့ တပ်မှူးတစ်ယောက်ပဲဖြစ်မယ်...ဟုတ်တယ်မလား....မင်းတို့ရုံးတော်မှာ တပ်မှူးဆယ့်နှစ်ယောက်ရှိတယ်လို့ ငါ ကြားထားတယ်...မင်းတို့တစ်ယောက်ချင်းစီက ကျင့်ကြံဆင့်နယ်ပယ်မြင့်မားတဲ့လူတွေပဲ...ကြည့်ရတာတော့ ကောင်းကင်ချိုးဖျက်ခံတပ်ရဲ့ပြင်ပမှာတုန်းက မင်းရဲ့ခွန်အားကုန်ကို ထုတ်ဖော်အသုံးပြုခဲ့ပုံမရဘူး"

ထို့နောက် လုယွီက စုန်ကျန်းရှင်းကိုကြည့်ကာ ခံစားချက်ကင်းမဲ့သောလေသံဖြင့် ပြောဆိုသည်။

"မင်းက လင်းယုန်ပျံတဲအစောင့်တပ်ရဲ့မဟာစစ်ဗိုလ်ချုပ်ပဲဖြစ်မယ်....မင်းက ဂူတင်းအမတ်ကြီးလီကျိုးစီရဲ့ ရှေ့ပြေးတပ်မှူးလို့လည်း ငါ ကြားထားတယ်...ဂူတင်းအမတ်ကြီးက လီဖူလိုင်တုံးကောင်မျိုးကို စစ်သည်တွေအသုံးပြုခိုင်းပြီးတော့ ငါ့ကို လာတိုက်ခိုက်စေတဲ့အထိ သတိပေါ့ဆတာလား"

လုယွီ၏စကားလုံးများသည် မိုးကောင်းကင်တာအိုး၏အသံအလား သူတို့နှစ်ယောက်၏နားများအတွင်းသို့ ဝင်ရောက်လာသည်။

ဤသည်မှာ သိုင်းပညာသူတော်စင်တစ်ယောက်၏ စကားလုံးများပင်။

စာပေသူတော်စင်များသည် စာလုံးများကို ရေးသား၍ စွမ်းအားကို ထုတ်ဖော်နိုင်စွမ်းရှိသည်။သိုင်းပညာသူတော်စင်များသည် စကားလုံးများဖြင့် လောကကြီးကို အုပ်ချုပ်နိုင်စွမ်းရှိပေ၏။

ဤအချိန်အခိုက်အတန့်တွင် လုယွီကိုကြည့်ရသည်မှာ နူးညံ့သိမ်မွေ့ပြီး သန့်စင်နေကာ ကျောင်းတော်သားတစ်ယောက်အလားပင်။

သို့ရာတွင် သူ စကားပြောဆိုလိုက်ချိန်၌ ဓားများ ဆေဘာဓားများ ထိခတ်နေသော အသံများဖြင့်ပြည့်နှက်နေကာ လူအများကို တိုက်ပွဲစစ်မြေပြင်တစ်ခုထံသို့ ရောက်ရှိသွားသည့်အလား ခံစားရစေသည်။

စုန်ကျန်းရှင်းနှင့်တုရှန်းရှန်းတို့၏ မျက်နှာများပေါ်တွင် မကြည်သာသော အမူအယာများ ရှိနေလေ၏။

ထန်စစ်တပ်အတွင်းတွင် သူတို့၏အဆင့်အတန်းမှာ အလွန်မြင့်မားသည်။

သူတို့သည် မည်သည့်ရန်သူမျိုးနှင့် ရင်ဆိုင်ရစေကာမူ သူတို့နှစ်ယောက်အတူပူးပေါင်း၍ ရင်ဆိုင်ချိန်တွင် အနိုင်ယူနိုင်စွမ်းရှိသည်။

သို့ရာတွင် ယခုလက်ရှိချိန်၌ သူတို့နှစ်ယောက်သည် လုယွီ၏မျက်လုံးအတွင်းမှနေ၍ မတူကွဲပြားမှုတစ်ခုကို ခံစားမိသည်။

ဤသည်မှာ ဧကရာဇ်တစ်ပါးမှနေ၍ ပုရွက်ဆိတ်တစ်ကောင်ကိုမြင်တွေ့ချိန်၌ ပြုလုပ်သောအပြုအမူမျိုးပင်။

"ငါ မင်းတို့နှစ်ယောက်ကို အခွင့်အရေးတစ်ခုပေးမယ်...မင်းတို့နှစ်ယောက် အတူပူးပေါင်းပြီးတော့ အင်အားအကောင်းဆုံးတိုက်ခိုက်မှုကို အသုံးပြုကြစမ်း"

လုယွီက ပြောဆိုသည်။

***